# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 31, 2020 Volume 29, Number 19


**၃၁.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၁၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၃၈၇/- ကျပ် |
| CBM Rate | = ၁၃၉၄.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၇.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၉.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၅၆.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၆၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကုန်သွယ်ရေးလမ်းကြောင်းများ ဆက်ဖွင့်ထားရန် မြန်မာအပါအဝင် ခုနစ်နိုင်ငံသဘောတူ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားလျက်ရှိသော်လည်း ကုန်သွယ်ရေးလမ်းကြောင်းများ ဆက်လက်ဖွင့်ထားရန် မြန်မာ၊ စင်ကာပူအပါအဝင် နိုင်ငံခုနစ်နိုင်ငံ သဘောတူထားကြောင်း Channel News Asia သတင်းတွင်ဖော်ပြထားသည်။ ယင်းသဘောတူညီချက်ကို မြန်မာ၊ စင်ကာပူ၊ ဩစတြေးလျ၊ ကနေဒါ၊ နယူး ဇီလန်၊ ဘရူနိုင်းနှင့်ချီလီနိုင်ငံတို့က သက်ဆိုင်ရာဝန်ကြီးများက မတ်လ ၂၅ ရက်နေ့တွင် ပူးတွဲထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ မရှိမဖြစ် ကုန်စည်များအပါအဝင် အခြားကုန်စည်များ စီးဆင်းနေစေရန် လေကြောင်းလမ်းကြောင်း၊ ပင်လယ်ကုန် သင်္ဘောလမ်းကြောင်းအပါအဝင် ကုန်သွယ်ရေးလမ်းကြောင်းများ ဆက်ပြီးဖွင့်ထားခြင်းသည် အပြန်အလှန်အကျိုးစီးပွားဖြစ်ကြောင်း ယင်းပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် မရှိမဖြစ် ကုန်စည်များ စီးဆင်းမှုကို ထိခိုက်စေသည့် အတားအဆီးများနှင့် ကုန်သွယ်ရေးအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် နီးနီးကပ်ကပ် အလုပ်လုပ်သွားမည်ဟုလည်း သက်ဆိုင်ရာဝန်ကြီးများက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် လေကြောင်းကုန်စည်ပို့ဆောင်နိုင်မှုနှင့် အချို့သော ဆိပ်ကမ်းများတွင် ကန့်သတ်ပိတ်ပင်မှုရှိခြင်း သို့မဟုတ် လုပ်ငန်းများဆိုင်းငံ့ခြင်းများ ရှိကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ပ်ကင်းတက္ကသိုလ် (Johns Hopkins University) ၏ စာရင်းအရ မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၂၈,၄၀၅ ဦးရှိပြီး သေဆုံးသူ ၁၉,၁၂၀ ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်ခံရပြီး ရောဂါမှ ပြန်လည်သက်သာ ပျောက်ကင်းသူ ၁၀၉,၉၂၆ ဦးရှိသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/?ref=page_internal

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်နိုင်ငံက နယ်စပ်လူအဝင်ကန့်သတ်သော်လည်း ကုန်သွယ်မှုဆက်လက်ရှိ

မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ လူအဝင်ကန့်သတ်မှု တိုးမြှင့်သော်လည်း ကုန်သွယ်မှု ဆက်လက်လုပ်ကိုင်နေကြောင်း မူဆယ်မြို့ရှိ ကုန်သည်အချို့ကပြောသည်။ ယူနန်ပြည်နယ် ရွှေလီခရိုင်အစိုးရက မူဆယ်မြို့မှဝင်လာမည့်လူများကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မှတ်ပုံတင် ကိုင်ဆောင်ထားသူများကိုသာ ဝင်ခွင့်ပြုကြောင်း ၎င်းတို့ကပြောကြားသည်။ "ကားကြီးသမားတွေဝင်ဖို့လည်း ခက်နေတယ်။ အရင်လို စာအုပ်နီရော၊ ခုနစ်ရက်ကတ်ရော မရတော့ဘူး"ဟု အဝေးပြေးကုန်စည်

ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း မူဆယ်ဥက္ကဋ္ဌ ဦးဝင်း အောင်ခန့်ကပြောသည်။ လူအဝင် ကန့်သတ်သော်လည်း လက်ရှိအချိန်အထိ ကုန် သွယ်မှု ဆက်လက်လုပ်ကိုင်နေ သည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံသားများသည် မူဆယ် ၁၀၅ မိုင်သို့ မလာသဖြင့် မြန်မာနိုင်ငံမှ ဖရဲ၊ သခွားများကို ဝမ်တိန်သစ်သီးဝင်းသို့ သွားရောက်ရောင်းချနေရသည်ဟု ကုန်သည်အချို့ကပြောကြားသည်။

"အစားအသောက်တွေကို တရုတ်ကလိုတော့ ကုန်သွယ်ရေးက ဆက်ရှိနေတယ်" ဟု မူဆယ်မြို့မှ ဆန်ကုန်သည် ဦးမင်းသိန်းကပြောသည်။ တရုတ်နိုင်ငံတွင် COVID-19 ကြောင့် နယ်စပ်ကုန်သွယ်မှု တစ်လခန့်တုံ့ဆိုင်းခဲ့ ပြီး လက်ရှိအချိန်၌ ကုန်သွယ်မှု ပုံမှန်အခြေအနေနီးပါး ပြန်လည်ရောက်ရှိလာသည်။ မြန်မာ-တရုတ် နယ်စပ်ကုန် သွယ်ရေးတွင် ကုန်သွယ်မှု ၇၀ ရာခိုင်နှုန်းကျော်ရှိသော မူဆယ်- ရွှေလီနယ်စပ်ကုန်သွယ်ရေးသည် လက်ရှိအချိန်၌ တစ်ရက်ကုန်သွယ်မှုဒေါ်လာ ၁၄ သန်းကျော်ရှိကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ညွှန်ကြားရေးမှူးကပြောသည်။

**Source:** https://7day.news/detail?id=183083

## အိန္ဒိယက ပဲစင်းငုံတန်လေးသိန်း တင်သွင်းမည့် ကြေညာချက်ကြောင့် ပြည်တွင်းပဲဈေးတက်



COVID-19 ကြောင့် Lockdown ချထားသော အိန္ဒိယအစိုးရက ပြည်ပမှ ပဲစင်းငုံတန်ချိန်လေးသိန်း ထပ်မံတင်သွင်းမည်ဟု ကြေညာခြင်းကြောင့်ပြည် တွင်းဈေးကွက်တွင် ပဲဈေးအနည်းငယ် တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ "သတင်းကြားတော့ဈေးပြန်လိုက်လာတဲ့သဘောပါ" ဟု ဦးမင်းကိုဦးကပြောသည်။

မတ်လ ၂၈ ရက်စွဲဖြင့် အိန္ဒိယအစိုးရက ထုတ်ပြန် သည့် ပဲတင်သွင်းမည့်ကြေညာချက်တွင် ပဲစင်းငုံတန်လေးသိန်း၊ ပဲတီစိမ်းတန်တစ်သိန်းခွဲအပါအဝင် အခြားသောပဲအချို့လည်းပါဝင်သည်။ ထိုကြေညာချက်ကြောင့် ပြည်တွင်းဈေးကွက်တွင် ပဲစင်း ငုံဈေးသည် တစ်တန်လျှင် ကျပ်ခြောက်သိန်းခုနစ်သောင်းမှ ခုနစ်သိန်းတစ်သောင်းဖြစ်လာပြီး ယခင်ထက် တစ်တန်လျှင် ကျပ် လေးသောင်းခန့် ဈေးမြင့်တက်သည်။

အိန္ဒိယ၏ ပဲစင်းငုံတင်သွင်းမည့် ခွဲတမ်းသတ်မှတ်ချက်က မြန်မာနှင့်အာဖရိကနိုင်ငံများဈေးကွက်ယှဉ်ပြိုင်ရမည့် အခြေအနေဖြစ်လာသည်။ ပဲစင်းငုံကိုမြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်စိုက်ပျိုးသကဲ့သို့ အာဖရိကနိုင်ငံများတွင်လည်း စိုက်ပျိုးသည်။ အိန္ဒိယနိုင်ငံက ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန် လေးသိန်း၊ ပဲစင်းငုံတန်လေးသိန်း တင်သွင်းရန် ခွဲတမ်းချထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် မတ်ပဲပြီးလျှင် ပဲစင်းငုံသည် ဒုတိယအရေးအကြီးဆုံးဖြစ်သည်။ ၂၀၁၇ က စတင်ပြီး အိန္ဒိယ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲ ကြောင့် ပဲစိုက်တောင်သူများ အခက်အခဲများစွာကြုံခဲ့ရသည်။

**Source:** https://7day.news/detail?id=183082

## အိန္ဒိယနိုင်ငံက ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် လေးသိန်းတင်သွင်းခွင့်ပြု

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းရန် အိန္ဒိယနိုင်ငံက ခွင့်ပြုပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတင်ပို့ရန်လည်း တန်ချိန် တစ်သိန်းဝန်းကျင် ကျန်ရှိသေးကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှသိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလက နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေး ခရီးစဉ်တွင် မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းတန်ချိန် လေးသိန်းအထိ တိုးမြှင့်ဝယ်ယူရန် မေတ္တာရပ်ခံမှုအပေါ် တုန့်ပြန်သည့်သဘောဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံမှ မတ်ပဲလိုအပ်ချက်ကြောင့် တင်သွင်းခွင့်ပြုခြင်းလည်းဖြစ်ကြောင်း သိရသည်။ "အိန္ဒိယကို မတ်ပဲ တင်ပို့ဖို့အတွက် တန်ချိန် တစ်သိန်းဝန်းကျင်လောက်ကျန်သေးတယ်။ အဲ့ဒါကို သင်္ကြန် မတိုင်ခင် တောက်လျှောက်တင်ပို့မယ်။ အဲ့ဒါပြီးရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံသမ္မတကြီး အိန္ဒိယသွားတဲ့အချိန်မှာ

တောင်းဆိုလိုက်တဲ့အတွက် မတ်ပဲကို တန်ချိန်လေးသိန်းဝယ်မယ်လို့ သတ်မှတ်လိုက်တယ်။ မေလ ၁ ရက်ကစပြီးတော့ ဝယ်ယူမှာပါ။ အိန္ဒိယမှာ မတ်လဆိုရင် ဘဏ္ဍာနှစ်ပိတ်တာဆိုတော့ တန်ချိန် ၄ သိန်း ကိုတာသတ်မှတ်ထားတဲ့ သဘောပေါ့။"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ထို့ပြင် အိန္ဒိယနိုင်ငံနေဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲတန်ချိန်တစ်သိန်းခွဲသာ ကိုတာ သတ်မှတ်ထားရာမှ ၎င်းတို့နိုင်ငံ၏ လိုအပ်ချက်ရှိကြောင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် တန်ချိန် နှစ်သိန်းခွဲကို ထပ်မံ ကိုတာသတ်မှတ်၍ မတ်လကုန် နောက်ဆုံးထား တင်သွင်းရန် ကြေငြာခဲ့သော်လည်း မတ်လကုန်တွင် ပြည့်မှီအောင် မတင်ပို့နိုင်သည့်အတွက် ဧပြီလထိ ရက်ရွှေ့ဆိုင်း၍ တင်သွင်းခွင့်ပြုခဲ့ ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှ လာမည့်ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းခွင့်ပြုသည့် ထုတ်ပြန်ချက် ထွက်ပြီးနောက် မတ်ပဲဈေး အထိုက်အလျှောက် မြင့်တက်လာခဲ့သော်လည်း ဈေးကွက်တွင် ပြီးခဲ့သည့် မတ်လလယ်ခန့်က မတ်ပဲတစ်တန်လျှင်ကျပ်ကိုးသိန်းဝန်းကျင်သာရှိခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဈေးထပ်မံကျဆင်းခဲ့သည်။ "နောက်နှစ်အတွက် ကိုတာသတ်မှတ်ပေမယ့် မတ်ပဲ ဈေးနှုန်းက သိပ်ပြီးတော့ အပြောင်းအလဲ မရှိဘူး။ အခုဖြစ်နေတဲ့ ရောဂါပြဿနာက အိန္ဒိယဘက်မှာ နည်းနည်းပါးပါး စပြီးတွေ့တယ်ဆိုတော့ အင်နဲ့အားနဲ့ အရမ်းကြီး မဝယ်နိုင်ဘူး။ အဲ့လိုမျိုး အနေအထားကြောင့် ဈေးနှုန်းက ကြီးကြီးမားမား ပြောင်းလဲတာ လတ်တလောမှာ မရှိဘူး။ ဒီဘက်မှာလည်း တွန်းတွန်းတိုက်တိုက် မရောင်းနိုင်၊ မပြုနိုင်တဲ့ အခြေအနေဆိုတော့ လက်ရှိမှာ မတ်ပဲဈေးက ကိုးသိန်းဝန်းကျင် လောက်ပဲသွားနေတယ်။"ဟု ဦးမင်းကိုဦးကပြောသည်။

၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြည်တွင်းရှိ ပဲခွဲစက်နှင့်ပဲသန့်စင်မှုလုပ်ငန်း လုပ်ကိုင်သူများကသာ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT)ဌာနက သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မတ်ပဲတင်သွင်းခွင့် ခွဲတမ်းလျှောက်ထားနိုင်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာကို အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ကူးသန်းရောင်းဝယ်ရေးဌာနက မတ်လ ၁၇ ရက်က ထုတ်ပြန်ထားသည်။ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် တင်သွင်းခွင့်ပြုသည့် မတ်ပဲတန်ချိန် လေးသိန်းသည် ယခုနှစ် မေလ ၁ ရက်မှ လာမည့် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်အတွင်း တင်သွင်းရမည်ဖြစ်သည်။

**Source: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## COVID-19 ကိုကြောက်သဖြင့် တရုတ်ကုန်သည်များ (၁၀၅)မိုင်သို့ ဖရဲသီးလာဝယ်မှုရပ်



COVID-19 မြန်မာနိုင်ငံသို့ရောက်ရှိလာခြင်းကြောင့် မတ် ၂၉ ရက်မှ စ၍ တရုတ်ကုန်သည်များ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် ဖရဲသီးလာရောက်ဝယ်ယူမှု ရပ်လိုက်ကြောင်း မူဆယ်ဖရဲသီးကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ "အခုက တရုတ်ဘက်က စိုးရိမ်မှုပါ။ မြန်မာဘက်က ရောဂါဖြစ်တယ်ဆိုတော့ သူတို့ကထွက်မလာချင်တော့ဘူး။ သူတို့ဆီက စတင်ဖြစ်ပွားခဲ့တဲ့ ဒီရောဂါက သူတို့ export လုပ်လိုက်တာက ဥရောပ၊ အမေရိက တို့ကိုပတ်ပြီး မြန်မာကိုရောက်လာတော့ သူတို့ဘက်ကို Export ပြန်သွင်းမှာကြောက်လို့"ဟု ၎င်းကပြောသည်။

မြန်မာ့ဖရဲသီးများ တရုတ်ပြည်သို့ရောင်းချရာတွင် မြန်မာဘက်ခြမ်းရှိ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ရောင်းချခြင်းဖြစ်ပြီး တရုတ်ကုန်သည်များက ယင်းနေရာမှာ လာရောက်ဝယ်ယူကြရသည်။ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ တရုတ်ကုန်သည်များ ဝင်ရောက်မှုမရှိ၍ ဖရဲသီးကုန်ကားများပိတ်နေမှု မတ် ၂၉ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သော်လည်း မွန်းလွဲပိုင်း၌ ပြန်လည်တင်ပို့နိုင်ခဲ့သည်ဟုသိရသည်။ "ဒီနေ့ တရုတ်က ထွက်မလာတော့ဘူး။ ကျွန်တော်တို့ဘက်မှာ ဖြစ်နေတဲ့ ရောဂါ အခြေအနေအရ သူတို့ထွက်မလာတော့ဘူး။ သူတို့ဆီပဲ ပို့ပါဆိုတော့လည်း ပို့ပြီးရောင်းရတာပေါ့။ တချို့ဟာတွေက အပြီးအစီး ချိတ်ထားပြီးသား။ တချို့ဟာတွေကတော့ ဟိုဘက်(ဝမ်တိန်)မှာ လေလံစနစ်နဲ့ ရောင်းရတယ်"ဟု ၎င်းက ပြောသည်။ ထိုသို့

လာရောက်ဝယ်ယူခြင်းမရှိသည့်အတွက် ကျင့်စန်းကျော့ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်ဘက်ခြမ်းရှိ ရွှေလီခရိုင် ဝမ်တိန်မြို့ သစ်သီးဈေးသို့ သွားရောက်တင်ပို့ရောင်းချရသည်။ မတ် ၂၉ ရက်တွင် တရုတ်ဘက်သို့ ဖရဲသီးသွားရောက် ရောင်းချသည့် ကားစီးရေ ၁၀၀၀ ခန့်ရှိသည်ဟု မူဆယ်ဖရဲသီးကုန်စည်ဒိုင်မှသိရသည်။

တရုတ်ဘက်မှ ဖရဲသီးဝယ်ယူသည့် ကုန်သည်များ မြန်မာဘက်တွင် ဝင်ရောက်ဝယ်ယူခြင်းမရှိသော်လည်း တရုတ်ဘက်ခြမ်းသို့ ဖရဲသီးရောင်းချခြင်းကိုမူ တရုတ်ဘက်က ခွင့်ပြုထားသည်။ "ရေတိုဖြစ်နေတဲ့ အခက်အခဲကာလမှာ ကျွန်တော်တို့မှာ ရွေးချယ်စရာလမ်းမရှိတော့ဘူး။ ကိုယ်က ရောင်းချင်တဲ့သူဖြစ်တဲ့အတွက် ဝယ်ချင်တဲ့သူလက်ထဲအရောက် မပို့ရင် ဖရဲသီးတွေက ပျက်စီးကုန်မှာ"ဟု ဦးစိုင်းခင်မောင်က မှတ်ချက်ပြုပြောသည်။ COVID-19 တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားချိန်၌ တရုတ်အစိုးရက ၎င်း၏နယ်စပ်ဂိတ်များ ပိတ်ပင်ခဲ့သည့်အတွက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှုမှာလည်း ရပ်တန့်ခဲ့သည်။ ယင်းအခြေအနေတွင် မြန်မာနယ်စပ်ဂိတ်ပေါက်များမှ တရုတ်သို့မြန်မာ့ဖရဲသီးတင်ပို့မှုအပေါ် ကြီးမားစွာရိုက်ခတ်ခဲ့ပြီး တစ်ရက်လျှင် ဖရဲသီးကားစီးရေ ၆၀၀ ဝန်းကျင် ပုံမှန်တင်ပို့မှုမှာ နှစ်လခန့်ရပ်တန့်ခဲ့သည်။ တရုတ်နယ်စပ်ဂိတ်များမှ ကုန်သွယ်မှု ပြန်လည်စတင်၍ ဖရဲသီးနှင့်အခြားကုန်စည်များ ပြန်လည်တင်ပို့နိုင်သည်မှာ သိပ်မကြာသေးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137678.html

## COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောဆောင်ရွက်မှုများအားလုံး ကြိုတင်ပြင်ဆင်ထားကြောင်း ကာကွယ်ရေးဦးစီးချုပ်ပြောကြား

COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောဆောင်ရွက်မှုများ အားလုံး ကြိုတင်ပြင်ဆင်ထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြား ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19 နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်သူများနှင့်တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြား လိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ ရက်က နေပြည်တော်တွင်ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ဝူဟန်မြို့၌ရောဂါစတင်ဖြစ်ပွားချိန်ကတည်းကပင် မျက်ခြည်မပြတ်စောင့်ကြည့်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း၊ အခြေအနေအရပ်ရပ်ကို ကြိုတင်တွက်ဆ၍ တပ်မတော်အတွက် လွန်စွာအရေးကြီးသော (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကိုပင် ရွှေ့ဆိုင်းထားရန် မတ် ၁ ရက်တွင် ကြေညာခဲ့ကြောင်း၊ ယခုအခါရောဂါပျံ့နှံ့ဖြစ်ပွားမှု အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့်အီတလီတို့ကဲ့သို့ နိုင်ငံများ တွင်ပင် ကူးစက်မှုနှင့်သေဆုံးမှုနှုန်း မြင့်မား စွာဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတွင်တပ်မ တော်တစ်ရပ်တည်း ရပ်တည်၍မရဘဲ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုပါ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည် ဖြစ်ရာ အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်သည် များ ဆွေးနွေးကြရန် ပြောကြားခဲ့သည်။ ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တပ်မတော်သည် နိုင်ငံတော်၏အခိုင်မာဆုံး institution ဖြစ်ကြောင်း၊ နိုင်ငံအတွက် အရေးကြုံနေသည့်အချိန်တွင် ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးရမည့် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် အနေဖြင့် COVID-19 ကာကွယ်၊ ထိန်း ချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက် ရှိပြည်သူ့ဆေးရုံများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများမှာ ကုသရေးအတွက် မအားမလပ် တာဝန်ထမ်းဆောင်နေကြရမည်ဖြစ်ရာ ပြည်သူများ အတွက်လိုအပ်သော ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား မိမိတို့တွင် လေ့ကျင့်ပေးထားပြီး ပါရဂူ၊ ဆရာဝန်၊ သူနာပြု၊ ဆေးဝန်ထမ်းများနှင့် ကူညီဆောင်ရွက်ပေးရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ထို့ပြင် အများပြည်သူများနှင့် သက်ဆိုင်သောနေရာများ၊ အင်အားများပြားသော ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများ၊

စာသင်တိုက်များကို အထူးဂရုစိုက်ဆောင်ရွက်ပေးရန်နှင့် ဆွမ်း၊ ကွမ်း လိုအပ်ချက်များ မရှိရလေအောင် အခြေခံစားကုန်ဖြစ်သော ဆန်၊ ဆီ၊ ပဲနှင့် ဆေးဝါးများကို လှူဒါန်းပေးကြရန်လိုကြောင်း၊ အလားတူပင် အခြားသော ဘာသာများဖြစ်သည့် ခရစ်ယာန်ကျောင်းများ၊ ဟိန္ဒူဘုရားကျောင်းများ၊ ဗလီများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့ တပ်၊ ဌာနချုပ်နေရာဒေသအလိုက်ရှိ ဆေးရုံ၊ ဆေးခန်းများနှင့်လည်း မပြတ်ဆက်သွယ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ် ကြောင်း၊ တပ်ပြင်ထွက်ခြင်း၊ တပ်ပြင်မှ တပ်တွင်းသို့ ဝင်ရောက်ခြင်းများနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းချက်များအတိုင်း တိတိကျကျလိုက်နာကြစေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည် ူလူထုနှင့် တပ်မတော်သားများ၊ မိသားစုများအနေဖြင့် သတင်းမှားများ၊ ကောလာဟလသတင်း၊ မုန်းဆသတင်းများကို နားမယောင်ကြဘဲ သတင်းမှန်များသိရှိနိုင်ရန်နှင့် အသိပညာပေးထုတ်လွှင့်မှုများအား မြဝတီရုပ်သံလိုင်းများ၊ ရေဒီယိုအသံလွှင့်ဌာနများ၊ သတင်းစာများ၊ Online Web Portal များတွင် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်ဖော်ပြပေးရမည်ဟု ထည့်သွင်းမှာကြား ခဲ့ကြောင်းသိရသည်။

တပ်မတော်အတွင်း COVID-19 ရောဂါ ကူးစက်ခံရသူ၊ ရောဂါပိုးတွေ့ရှိသူ မရှိသေးဘဲ ပြည်ပမှပြန်လည်ရောက်ရှိလာသူများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် တွေ့ဆုံမှုရှိကြသော သံသယရှိသူများကို Hospital Quarantine စောင့်ကြည့်သူ စစ်သည်ခြောက်ဦး၊ မိသားစုဝင် ၁၈ ဦး၊ စုစုပေါင်း ၂၄ ဦး၊ Home or Facility Quarantine စောင့်ကြည့်သူ အရာရှိ ၂၉ ဦး၊ စစ်သည် ၁၁ ဦး၊ မှီခိုသုံးဦး စုစုပေါင်း ၄၃ ဦး ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြသည်။

**Source:** https://news-eleven.com/article/167019

## ဈေးကွက်အတွင်း ကြက်ဥ ကြက်သားထုတ်လုပ်ရောင်းချမှု ပြတ်လပ်သွားရန်မရှိ

COVID-19 ဖြစ်ပွားနေသော်လည်း ဈေးကွက်အတွင်း ကြက်ဥကြက်သားထုတ်လုပ်ရောင်းချမှု ပြတ်လပ်မည် မဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်ထံမှသိရသည်။ စိုးရိမ်စိတ်ဖြင့် ပြည်သူများစားသောက်ကုန်များကို ဝယ်ယူစုဆောင်းမှုများပြားနေရာ ကြက်ဥလည်း တစ်ခုအပါအဝင်ဖြစ်သည်။ လက်ရှိ ိမွေးမြူထားသော အနေအထားအရ စဉ်ဆက်မပြတ် ထုတ်လုပ်ရောင်းချနိုင်စွမ်းရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ "ကြက်ဥနဲ့ ကြက်သားထုတ်လုပ်ရောင်းချမှုက ဈေးကွက်မှာ ပြတ်လပ်သွားမှာမဟုတ်ပါဘူး။ ဥစားကြက်က မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ၂၅ သိန်းကျော်လောက်ရှိတယ်။ အသားစားကြက်က ၃၅ သိန်းလောက်ရှိတယ်။ ဥစားကြက်ဥလိုမျိုးဆိုရင် ဘယ်လိုမှ ပြတ်သွားစရာမရှိပါဘူး။ သူ့ရဲ့သက်တမ်းက တစ်နှစ်ခွဲလောက်ရှိပါတယ်။ အဆက်မပြတ်သွားနေမှာပါ။ အသားစားကြက်ကလည်းရှိနေမှာပဲ။ အသားစားကြက်ကတော့ ပေါ်တာနဲ့ (တစ်ခါတစ်ရံ) နည်းနည်းရှားတာပဲရှိမှာ။ လောလောဆယ် အလုံအလောက်ရှိပါတယ်"ဟု ဒေါက်တာကျော်ထင်ကပြောသည်။

မတ် ၂၈ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုအရ မွေးမြူရေးနှင့်ပတ်သက်သော လုပ်ငန်းများ၊ စားသောက်ကုန်နှင့် ပတ်သက်သောလုပ်ငန်းများမှာ မည်သည့်အခြေအနေရောက်ရောက်လည်ပတ်နေမည်ဖြစ်သလို ကြက်ဥ၊ ကြက်စာ၊ ကြက်သားစသော ကုန်ပစ္စည်းပို့ဆောင်စီးဆင်းမှုများမှာလည်း ပုံမှန်အတိုင်းရှိမည်ဖြစ်ကြောင်းပြောသည်။ "ပုံမှန်အတိုင်းပဲ ကြက်ဥရောင်းတဲ့ဆိုင်တွေ၊ ကြက်သားဆိုင်တွေလည်းရှိမယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဆန်၊ ဆီ၊ ကြက်ဥတွေကို လိုအပ်မယ့်ရပ်ကွက်တွေမှာ အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ရောင်းချဖို့အစီအစဉ်တစ်ခုဆွဲနေတယ်။ မကြာခင်စတော့မှာပါ။ အခြေအနေတစ်ခုခုဖြစ်ခဲ့ရင်လည်း ကုန်စည်စီးဆင်းလို့ရအောင် တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့ လုပ်ဆောင်သွားမှာပါ။ တကယ်လို့ တစ်ခုခုဆိုရင်လည်း အမိကကြက်ဥ ၁၀ လုံးကို ကျပ် ၁,ဝဝဝ နှုန်းနဲ့ ဘယ်လိုအခြေအနေပဲရောက်ရောက် လုပ်ပေးသွားဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အစည်းအဝေး လုပ်ထားပါတယ်။ အဲဒါက ရပ်ကွက်တွေမှာ တကယ့်အခြေခံပြည်သူတွေအတွက် ဖြန့်ဝေဖို့လုပ်ထားပါတယ်"ဟု ဒေါက်တာကျော်ထင်က ပြောသည်။ လက်ရှိတွင် ကြက်ဥခြံကောက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂,၅၀၀၊ လက်ကားဈေးမှာ ကြက်ဥတစ်လုံးလျှင် ကျပ် ၁၀၀၊ ကြက်သားဈေးမှာ တစ်ပိဿာလျှင် ခြံဖမ်းဈေး ကျပ် ၂,၇၀၀ ဝန်းကျင်ရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/137679.html

## မန္တလေး ရွှေလုပ်ငန်းရှင်များအသင်း အရောင်းအဝယ်ပိတ်မည်မဟုတ်



ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်း အရောင်းအဝယ်ပိတ်လိုက်သော်လည်း မန္တလေးမြို့ရှိ ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေအရောင်း အဝယ်လုပ်ငန်းများကို ရပ်ဆိုင်းပိတ်သိမ်းမည် မဟုတ်ဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ မန္တလေးရွှေလုပ်ငန်းရှင်များအသင်းကို မန္တလေးမဟာအောင်မြေ မြို့နယ် ၇၇ လမ်း၊ ၃၆x၃၇လမ်းတွင် ဖွင့်လှစ်ထားရာ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အသင်း သားများက ရွှေအရောင်းအဝယ် လုပ်ငန်းများ လာရောက်လုပ်ကိုင်လျက်ရှိကြသည်။

"ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်းအနေနဲ့ အရောင်းအဝယ်ပိတ်ပေမယ့် ကျွန်တော်တို့မန္တလေးရွှေလုပ် ငန်းရှင်များအသင်းအနေနဲ့ ပိတ်လို့မရပါဘူး။ ရန်ကုန်နဲ့ မန္တလေး သဘောသဘာဝခြင်းမတူပါဘူး။ ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်းက Demand ကို ဦးစားပေးလုပ်ရတယ်။ မန္တလေးကျတော့ Supply ပဲ အဓိကလုပ်နေရတယ်။ ပြီးတော့ ရန်ကုန်မှာရွှေလုပ်ငန်းရှင်အသင်းဝင်များတော့ ဒီအချိန်မှာ အကန့်အသတ်ထားရတယ်။ မန္တလေးက အသင်းဝင် ၁၅ ယောက် အယောက် ၂၀ ပဲရှိတာ။ ဒီမှာက အသင်းသားအကုန်မလာကြတော့ လူစုလူဝေးမဖြစ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ လက်ရှိအနေအထားအရ ပိတ်ဖို့မလိုသေးပါဘူး။ တိုင်းအစိုးရက ပိတ်ပါဆိုရင်တော့ ပိတ်ရမှာပေါ့။ ဖွင့်ချိန်ပိတ်ချိန်ကိုတော့ ၁၂နာရီကနေ ညနေ ၄ နာရီအထိ ပြင်ထားပါတယ်"ဟု မန္တလေးရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ထွန်းကပြောသည်။

မန္တလေးရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေထွက်ရာဒေသများမှ လာရောက်ရောင်းချခြင်း၊ ရန်ကုန်နှင့် နယ်ရွှေကုန်သည်များနှင့် ချိတ်ဆက်ရောင်းချခြင်းအပြင် မန္တလေးမြို့ပေါ်မှ ရွှေဆိုင်ကြီးများနှင့်ပါ ဈေးကွက်တည် ငြိမ်ရေး၊ ရွှေကိုအကြောင်းပြ၍ ငွေကြေးဖောင်းပွမှု မဖြစ်ပေါ်စေရေးတို့ကိုပါ ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ရွှေဈေးကွက်အတွက် လိုအပ်သောရွှေများကိုပါ အထောက်အပံ့ ဖြစ်စေသည့် အရောင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ မန္တလေးရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် အရောင်းအဝယ်ပိတ်ပါက လက်ရှိရွှေဈေးကွက်အတွင်း မလိုလားအပ်သောဈေးကစားမှုများပါဖြစ်ပေါ်နိုင်သဖြင့် တရားဝင်ပိတ်သည့်နေ့မှအပ နေ့စဉ်ဖွင့်လှစ်လုပ်ကိုင်နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137692.html

## ရေသန့်ဘူးများကို ဈေးနှုန်းတင် မရောင်းရန် ညွှန်ကြား

ရေသန့်ဘူးများဈေးနှုန်း မြှင့်တင်မရောင်းချရန် မြန်မာနိုင် ငံရေသန့်လုပ်ငန်းရှင်များအသင်း က ယမန်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်သည်။ ရေသန့်လုပ်ငန်းသည် ပြည်သူလူထု ကျန်းမာရေးနှင့်ပတ်သက်၍ အရေးကြီးကုန်စည်ဖြစ်သဖြင့် ညွှန်ကြားချက်မရမချင်း စက်ရုံများမပိတ်ရန်နှင့် ရေသန့်ဘူးဈေးနှုန်း ကျပ် ၅၀၀ ထက်ပိုမို မရောင်းရန် ညွှန်ကြားချက်တွင်ဖော်ပြသည်။ “COVID-19 အရေးနဲ့ပတ် သက်ပြီး သယ်ယူစရိတ်တွေတက်လာတယ်။ ရေသန့်ထုတ်လုပ်ရ တဲ့ကုန်ကြမ်းတွေဈေးတက်လာတယ်။ တခြားလူသုံးကုန်ဈေး တက်မှုတချို့ရှိနေပေမယ့် ရေ သန့်ထုတ်လုပ်မှုကို ဈေးမတက်ဖို့ တစ်နိုင်ငံလုံးက ရှိတဲ့ရေသန့်စက်ရုံတွေကို အကြောင်းကြားတာ ဖြစ်တယ်” ဟု မြန်မာနိုင်ငံရေသန့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်ကပြောသည်။

နေအိမ်များသို့ ပို့ဆောင်ပေးသောရေသန့်ဘူးများ၏ ယခင်ဈေးနှုန်း သတ်မှတ်ချက်သည် တိုင်းနှင့်ပြည်နယ်အလိုက် ကွာခြားမှုရှိပြီး ရန်ကုန်နှင့်မန္တလေးတွင် အခြေခံဈေးနှုန်းတစ်ဘူး ကျပ် ၃၅၀ ဖြစ်ပြီး မကွေးတိုင်းတွင် တစ်ဘူးကျပ် ၅၀၀ ရှိသည်။ ဈေးနှုန်းများမတက်ရန်အပါအဝင် ကျန်းမာရေးအရ ရေသန့်လုပ်ငန်းများလိုက်နာရန်အချက်များကိုပါ လိုက်နာရမည်ဟု ညွှန်ကြားစာကဆိုသည်။ အဆိုပါညွှန်ကြားချက်အရ ရေသန့်စက်ရုံဝန်ထမ်းများအပြင်မှပြန်လာသည့်အခါတိုင်း လက်ဆေးခြင်းနှင့် ကလိုရင်းခတ်ထား သည့်ရေဖြင့်ခြေဆေးရန်ပါဝင်သည်။ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူလာသည့် ရေသန့်ဘူးများနှင့် စက်ရုံအတွင်းအပြင် ကလိုရင်းဆေးဖျန်းရန်၊ ဆေးရုံများရှိ ရေသန့်ဘူးများကို စက်ရုံသို့ ပြန်မယူဘဲအခြားနည်းဖြင့်

ရေပြည့်ပေးနိုင်ရန် ဆေးရုံတာဝန်ရှိသူနှင့် ညှိနှိုင်းရမည်ဖြစ်သည်။

စောင့်ကြည့်ခံလူနာများနှင့် လုပ်အားပေးသူများအတွက် တစ်လီတာရေသန့်ဘူးများ လှူဒါန်းပေးရန်၊ ရေသန့်ဘူးပို့သည့်ဝန်ထမ်းများကို ကျန်းမာရေးအကာအကွယ်များတပ်ဆင်ပေးရန်နှင့် စက်ရုံအတွင်း ဝန်ထမ်းများအသုံးပြုသည့် အိပ်စင်၊ ထမင်းစားခန်းကို သုံးပေအကွာထားရှိပေးရမည်ဟု ညွှန်ကြားထားသည်။ မြန်မာနိုင်ငံ ရေသန့်လုပ်ငန်း ရှင်များအသင်း၏ စာရင်းအရ တစ်နိုင်ငံလုံး၌ ရေသန့်စက်ရုံ (လုပ်ငန်း) ၃,၀၀၀ ခန့်ရှိပြီး ရန်ကုန်နှင့်မန္တလေးတို့တွင် စက်ရုံ ၁,၀၀၀ ခန့်ဖြင့် အများဆုံးရှိသည်။

**Source:** https://7day.news/detail?id=182996

## တရုတ်နိုင်ငံအတွင်း COVID-19 စမ်းသပ်ကိရိယာ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ ရောင်းချနေ

တရုတ်နှစ်သစ်ကူးအားလပ်ရက်အလွန် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားလာချိန်၌ နန်ကျင်းစက်ရုံမှ နည်းပညာရှင်တစ်စုသည် အသင့်စားခေါက်ဆွဲစားကာ ဗိုင်းရပ်စ်စမ်းသပ်ကိရိယာငယ်များထုတ်လုပ်ရန် နာရီပေါင်းများစွာ အလုပ်လုပ်နေခဲ့ကြသည်။ ထိုစဉ် ဝူဟန်နှင့်တရုတ်နိုင်ငံတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ပြီးပြီဖြစ်ကာ ဘေကျင်းအစိုးရဆီမှလည်း ဆေးဘက်သုံးပစ္စည်း ထုတ်လုပ်ခွင့်ရရှိသည့်လုပ်ငန်းမှာ အနည်းငယ်သာရှိပြီး ရာပေါင်းများစွာသောကုမ္ပဏီများသည် အဆိုပါ စမ်းသပ်ကိရိယာငယ်များထုတ်လုပ်ရန် အခက်တွေ့လျက်ရှိသည်။ "ကျွန်တော်ပစ္စည်းထုတ်လုပ်ခွင့်ကို တရုတ်အစိုးရဆီ လျှောက်ဖို့ မစဉ်းစားခဲ့ဘူး၊ လျှောက်ရတာလည်းကြာတယ်၊ နောက်ဆုံးသဘောတူညီချက်ရရင် ကပ်ရောဂါလည်းပြီးနေလောက်ပြီလေ" ဟု Nanjing Liming Bio-products ကုမ္ပဏီပိုင်ရှင် Zhang Shuwen ကပြောသည်။ တရုတ်ပြင်ပ ကိုရိုနာကူးစက်ခံနေရသည့် ကျန်ကမ္ဘာ့နိုင်ငံများသို့ ရောဂါစမ်းသပ်ကိရိယာများ တရုတ်မှ တင်ပို့ရောင်းချသူများထဲတွင် Zhang ၏ကုမ္ပဏီလည်းပါဝင်သည်။Zhang သည် ဖေဖော်ဝါရီလက ဥရောပတွင် ရောဂါစမ်းသပ်ကိရိယာ (၄) မျိုးကိုရောင်းချနိုင်ရန်လျှောက်ထားခဲ့ပြီး မတ်လ၌ ဥရောပကသတ်မှတ်ထားသော ကျန်းမာရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်မထိခိုက်ရေး စံချိန်စံနှုန်းများနှင့်အညီ ထုတ်လုပ်ရန် တရားဝင်ခွင့်ပြုချက်ရရှိခဲ့သည်။ ယခုအခါ Zhang သည် အီတလီ၊ စပိန်၊ ဩစတြီးယား၊ ဟန်ဂေရီ၊ ပြင်သစ်၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ဂျပန်နှင့်တောင်ကိုရီးယားရှိ ဖောက်သည်များထံမှ အော်ဒါများ လက်ခံရယူလျက်ရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေ၏ (၃) ဘီလီယံခန့်Lockdown ချခံထားရပြီး တစ်ကမ္ဘာလုံးတွင် သေဆုံးသူ (၃၀ ၀၀၀) ကျော်ရှိပြီဖြစ်သည်။ ဥရောပနှင့်အမေရိကန်တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမြင့်မားလျက်ရှိပြီး ဝူဟန်ဗဟိုချက်မှသည် အီတလီ၊ စပိန်နှင့် နယူးယောက်အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ ဝူဟန်မြို့က ဆေးဘက်သုံးပစ္စည်းထုတ်လုပ်သည့် BGI Group ကုမ္ပဏီသည် ဖေဖော်ဝါရီလအစောပိုင်းကတည်းက တစ်ရက်လျှင် ရောဂါစမ်းသပ်ကိရိယာငယ် အခုရေ (၂၀၀ ၀၀၀) ထုတ်လုပ်ခဲ့ပြီး ယခု (၆၀၀ ၀၀၀) အထိ ထုတ်လုပ်လာနိုင်ကာ အမေရိကန်၌ရောင်းချရန် ပထမဆုံးခွင့်ပြုချက်ရသည့်ကုမ္ပဏီဖြစ်သည်။ မတ်လ၂၆ ရက်ထိစာရင်းအရ ဥရောပဈေးကွက်၌ ပစ္စည်းတင်သွင်းခွင့်ရသည့် တရုတ်ကုမ္ပဏီပေါင်း (၁၀၂) ခုရှိကြောင်း China Association of In Vitro Diagnostics မှ အကြီးအကဲ Song Hai က ပြောသည်။ သို့သော် အများစုမှာ တရုတ်နိုင်ငံ၌ရောင်းချရန် ခွင့်ပြုချက်မရရှိထားကြောင်း သိရသည်။ ကုမ္ပဏီ (၁၃) ခုသာ ရောဂါစမ်းသပ်ကိရိယာငယ် (PCR) ရောင်းရန် ပြည်တွင်း၌ ခွင့်ပြုချက်လိုင်စင်ရရှိထားပြီး ၎င်းတို့အနက် ၈ ခုမှာ ပဋိဇီဝပစ္စည်းစမ်းသပ်ကိရိယာရောင်းသည့် ကုမ္ပဏီများသာ ဖြစ်သည်။

Shangsha ရှိ Biotechnology ကုမ္ပဏီတစ်ခုမှ အမည်မဖော်လိုသူ မန်နေဂျာတစ်ဦးက တိရစ္ဆာန်များအတွက် ရည်ရွယ်သော ရောဂါစမ်းသပ်ကိရိယာရောင်းချရန်လိုင်စင်ရထားသည့် ၎င်းတို့ကုမ္ပဏီသည် COVID-19 Kits ဆိုသည့် ဒီဇိုင်းအသစ်ဖြင့် ဥရောပတွင်ရောင်းချနိုင်ရန် ပြင်ဆင်နေသည်ဟုဆိုသည်။ တရုတ်သည် စပိန်နိုင်ငံသို့ ယူရို (၄၃၂) သန်း (အမေရိကန်ဒေါ်လာ ၄၈၁ သန်း) တန်ဖိုးရှိ နှာခေါင်းစည်းအခုရေ (၅၅၀) သန်း၊ ရောဂါစမ်းသပ်ကိရိယာငယ် (၅.၅) သန်း၊ အသက်ရှူစက်အလုံးရေ (၉၅၀) တို့ကို တင်ပို့နိုင်ခဲ့သော်လည်း ပစ္စည်းအရည်အသွေးပေါ် စိုးရိမ်နေကြသည်။ ရှန်ကျန်းအခြေစိုက်ကုမ္ပဏီ Bioeasy Biotechnology ကုမ္ပဏီက ထုတ်လုပ်သည့် ပဋိခာတ်စမ်းသပ်ကိရိယာများသည် COVID-19 စမ်းသပ်မှုအတွက် တိကျသေချာမှု (၈၀) ရာခိုင်နှုန်း ရှိမည်ထင်သော်လည်း (၃၀) ရာခိုင်နှုန်းသာရှိသည်ဟု စပိန်သတင်းစာ El País တွင် ဖော်ပြခဲ့သည်။

Bioeasy သည် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန၏ စပိန်သို့ ပစ္စည်းတင်ပို့ခွင့်ရှိသည့်စာရင်းတွင် မပါဝင်ကြောင်း သိရသည်။ Bioeasy ကုမ္ပဏီက စွပ်စွဲချက်ကိုငြင်းဆိုထားပြီး စပိန်သုသေသနပညာရှင်များက ညွှန်ကြား ချက်များကို မှန်မှန်ကန်ကန် မလိုက်နာခြင်းကြောင့်သာဖြစ်ကြောင်းပြောဆိုသည်။ အိုင်ယာလန်လေကြောင်းလိုင်း Aer Lingus သည် တစ်ပတ်လျှင် ရောဂါစမ်းသပ်ကိရိယာငယ် (၁၀၀ ၀၀၀) အပါအဝင် ဆေးဘက်ဆိုင်ရာပစ္စည်းများ သယ်ဆောင်ရန် နေ့စဉ် လေယာဉ်ကြီး (၅) စီး စေလွှတ်ကာ အခြားနိုင်ငံများနည်းတူ လုပ်ငန်းသုံးလေယာဉ်များကို ဆေးဘက်ပစ္စည်းသယ်လေယာဉ်အဖြစ် ပြောင်းလဲ အသုံးပြုသွားမည်ဖြစ်သည်။

တရုတ်ရင်းနီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် Huaxi Securities က ကမ္ဘာအဝှမ်း စမ်းသပ်ကိရိယာဝယ်လိုအားမှာ တစ်ရက်လျှင် (၇၀၀၀၀၀) ရှိမည်ဟု ခန့်မှန်းကြောင်း ၊ သို့သော်လည်း ကမ္ဘာ့နိုင်ငံတစ်ဝက်ခန့်မှာ Lockdown ချမှတ်ခံထားရ၍ စမ်းသပ်စစ်ဆေးမှုမရှိသည့်နိုင်ငံများလည်းရှိသဖြင့် မယုတ်မလွန်သော ခန့်မှန်းချက်ဖြစ်ကြောင်းပြောသည်။ ကပ်ရောဂါ အခြေအနေကြောင့် စမ်းသပ်ကိရိယာပစ္စည်းများထုတ်လုပ်ရာမှာ လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများရရန် ခဲယဉ်းနေသည့် အတွက် ကမ္ဘာတစ်ဝန်းတွင် ပစ္စည်းပြတ်တောက်မှု ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဥပမာ- Zymo Research ကုမ္ပဏီသည် ရောဂါနမူနာများကို သယ်ပို့ သိုလှောင်သည့်ပစ္စည်းများကို အလျှံပယ်ထုတ်လုပ်နိုင်သော်လည်း ထိုနမူနာများကို ကောက်ယူမည့် ဝွမ်းရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ Zhang ၏ Nanjing Liming Bio-products ကုမ္ပဏီသည် နေ့စဉ် PCR ကိရိယာ (၃၀ ၀၀၀) ထုတ်လုပ်နိုင်ပြီး (၁၀၀၀၀၀) အထိ ထုတ်လုပ်နိုင်ရေး စက်ကြီးနှစ်လုံးဝယ်ယူရန် စီစဉ်ထားသည်ဟုဆိုသည်။ ပစ္စည်းထုတ်လုပ်မှုဖြစ်စဉ်မှာ ရှုပ်ထွေးပြီး သယ်ယူပို့ဆောင်ရေးက ပို၍ပင်ခက်ခဲသည်ဟု Zhang က ဆိုသည်။ “နိုင်ငံခြားကို ပဋိဇီဝပစ္စည်းစမ်းသပ်တဲ့ကိရိယာရောင်းတာ လွယ်ပါတယ်၊ ဒါပေမယ့် တရုတ်နိုင်ငံမှာ ပြည်ပကို PCR ကိရိယာတင်ပို့တဲ့ ကုမ္ပဏီ ၅ ခုထက်မပိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပစ္စည်းတင်ပို့တဲ့အခါ ပတ်ဝန်းကျင်အပူချိန်က (၂၀) ဒီဂရီဆဲလ်စီယပ်စ်ရှိဖို့လိုအပ်တယ်၊ ပိုက်ဆံပိုပေးရတယ်" ဟု Zhang ကပြောသည်။ တရုတ်သည် ရောဂါစမ်းသပ် ကိရိယာ တင်ပို့ရောင်းချရာတွင် ဥရောပနှင့်အမေရိကန်နိုင်ငံများကို ဘယ်သောအခါမှမယှဉ်နိုင်ခဲ့သော်လည်း COVID-19 ကပ်ရောဂါ ကြုံရပြီးနောက် ယခုအခါ ဆေးဘက်သုံးပစ္စည်းထောက်ပံ့ရာ ဗဟိုချက်ဖြစ်လာခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/68457

**Mizzima – News in Burmese**

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေရှိ ပို့ကုန်ယာဉ်များ လမ်းပေါ်၌တန်းစီနေရ

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ-တရုတ်ကုန်သွယ်ရေး ပုံမှန် အခြေအနေတွင်ရှိနေပြီး ပို့ကုန်တင်ဆောင်သည့် ၁၂ ဘီး/၂၂ ဘီးတွဲကားစီးရေ နေ့စဉ်တစ်ထောင်ခန့်ထိရှိနေကြောင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် စီမံဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေကပြောသည်။ ပို့ကုန်တင်ဆောင်လာသည့် ယာဉ်များမှာ မူဆယ်အဝင်လမ်းပိုင်းများတွင် အချို့မှာ အရှေ့မြောက်တံခါး အသီးအရောင်းကွင်းသို့ဝင်ရောက်ရန် ညအိပ် စောင့်ဆိုင်းနေရပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ဝင်/ထွက်ဂိတ် များ ပိတ်ထားခြင်းမရှိဟုဆိုသည်။ “မူဆယ် ၁၀ မိုင်ကုန်သွယ် ရေးဇုန်မှာတော့ ကုန်သွယ်ရေးအခြေအနေက ပို့ကုန်ကားတွေက အစီးတစ်ထောင် လောက်ရှိတယ် ပုံမှန်ဘဲ ။ ကုန်သွယ်ရေးအခြေအနေက ပုံမှန်ဘဲ ။အခြားအတားအဆီးတွေ မရှိပါဘူး”၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် ဖရဲနှင့်သခွားတင်ဆောင်သည့် တရုတ်ပို့ကုန် သီးနှံကုန်တင်ကားများသည် နေ့စဉ် အစီးရေ တစ်ထောင်ခန့်ဝင်ရောက်နေပြီး အစီးရေများပြားသဖြင့် လက်ကျန်ကားများက လမ်းမများပေါ်တွင် ရပ်တန့်ထားရသဖြင့် သီးနှံအရောင်းကွင်းထဲသို့ အလှည့်ကျဝင်ရောက်နိုင်ရန် ပွဲစားများနှင့် ပို့ကုန်/သွင်းကုန် အေးဂျင့်များက စီစဉ်ပေးနေရသည်။ “ကားအဝင်အထွက် လျော့တာမရှိဘဲ ပုံမှန်ပါ။အသီးကားတွေက တစ်ရက်ကို ၁၀၀၀ လောက်ရှိတယ်။ တရုတ်ဘက်ကို ကုန်ကားတွေ အကုန်မဝင်နိုင်တော့ လက်ကျန်ကားတွေနဲ့ လမ်းပေါ်မှာပြည့်နေတော့ ပွဲစားတွေအေးဂျင့်တွေစောင့်ပြီး တစ်စီးချင်းသွင်းပေးနေရတယ်။ သွင်းကုန်ပိုင်းမှာတော့ ကုမ္ပဏီတချို့ပိတ်ထားလို့ မဖြစ်မနေလောက်ပဲသွင်းနေတယ်”ဟု မူဆယ် သီးနှံကုန်စည်ဒိုင်မှ တာဝန်ခံ ဒေါ်ရီရီခိုင်ကပြောသည်။

သီးနှံအရောင်းကွင်းမှ တရုတ်နိုင်ငံ ဝမ်တိန်ကွင်းသို့ သီးနှံကုန်တင်ကားများဝင်ရောက်ရာ၌ အဆင်ပြေစေရန် အတွက် ယာဉ်မောင်းယာဉ်နောက်လိုက်များ Mask တပ်တင်ထားမှု၊ ကားနှင့် ပတ်သက်သည့် စာရွက်စာတမ်း များပြည့်စုံစေရန် ကြပ်မတ်ပေးနေကြောင်း၊ သီးနှံများဈေးကွက်တွင် တရုတ်ဘက်မှ ကုန်သည် ၃၀၀ ခန့်အဝယ်ရှိနေပြီး ဖရဲသခွား အဝင်များသောကြောင့် ဈေးနှုန်းမှာလည်း မတည်ငြိမ်ဘဲ အရည်အသွေးပေါ် မူတည်၍ ပေါက် ဈေးရှိကြောင်းသိရသည်။ "၁၀၅ မိုင်နဲ့ ဝမ်တိန်အကြား လမ်းပိုင်းပိတ်ဆို့လို့ တရုတ်ဘက်ဝင်မယ့် သီးနှံကားတွေ စောင့်ဆိုင်းနေရတာ အစီးရေ ၁၀၀၀ လောက်ရှိတယ်။ ကားခဈေးတက်နေတာက သီးနှံရောင်းဈေးကျတာထက်ပိုဆိုးတယ်။ တချို့က အလောတကြီးနဲ့ ကြောက်လန့်ပြီး အရည်အသွေးမမီဘဲ တင်ပို့လိုက်တော့ဈေးကွက်ထိခိုက်တယ်" ဟုရွှေသည်ု သစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်က ပြောသည်။

၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ မတ် ၂၀ ရက်နေ့ထိ နယ်စပ်ကုန်သွယ်မှုစာရင်းများအရ မူဆယ် ကုန်သွယ်ရေး စခန်းတွင် ပို့ကုန်ဒေါ်လာသန်းပေါင်း ၁၄၉၈ ဒသမ ၇၃၉ နှင့် သွင်းကုန်သန်းပေါင်း ၈၄၇ ဒသမ ၀၄၉ ၊စုစုပေါင်း ကုန်သွယ်မှု ပမာဏ ဒေါ်လာသန်းပေါင်း၂၃၄၅ ဒသမ ၇၈၈ ရှိပြီး ယခင်နှစ်ကာလတူ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်းပေါင်း ၂၁၉၄ ဒသမ ၂၉၆ ရှိခဲ့ရာ ဒေါ်လာသန်းပေါင်း ၁၅၁ ဒသမ ၄၉၂ ပမာဏပိုမိုခဲ့ကြောင်း စီးပွား/ကူးသန်းထုတ်ပြန်ချက်များအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/137634.html

The Myanmar Times

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ခရိုအေးရှားနိုင်ငံကုမ္ပဏီများ၏ (၉၅) ရာခိုင်နှုန်း ထိခိုက်မှုရှိ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ခရိုအေးရှားနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုမှာတိုးလာနေပြီး၊ အငယ်စား စီးပွားရေးလုပ်ငန်းများသည် အထိနာဆုံးဖြစ်ကြောင်း ခရိုအေးရှား ုန်သည်ကြီးများအသင်းမှ ကုမ္ပဏီလုပ်ငန်းများအား ကောက်ယူခဲ့သည့် စစ်တမ်းအရ သိရှိရ ကြောင်း၊ ကုမ္ပဏီလုပ်ငန်းပေါင်း (၂၇၀၀) ကျော်ကိုကောက်ယူခဲ့သည့် ၎င်းစစ်တမ်းအရ ကုမ္ပဏီများ ၏ (၉၅) ရာခိုင်နှုန်းက ၎င်းတို့၏ turnover ကျဆင်းခဲ့ကြောင်းဖြေကြားခဲ့ကြပြီး၊ (၂၈) ရာခိုင်နှုန်းက (၁၀၀) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တမ်းပါကုမ္ပဏီအရေအတွက်၏ လေးပုံသုံးပုံ (၇၄) ရာခိုင်နှုန်းက ထုတ်လုပ်မှု ကျဆင်းကြောင်းဖော်ပြကြပြီး ၎င်းတို့၏ (၂၁) ရာခိုင်နှုန်းသည် ထုတ်လုပ်မှု ပိုင်းတွင် (၁၀၀) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် ကုန်စည်စီးဆင်းမှု supply chains တွင်လည်း ထိခိုက်မှုရှိခဲ့ပြီး စစ်တမ်းပါ ခရိုအေးရှားနိုင်ငံကုမ္ပဏီများ၏ (၆၁) ရာခိုင်နှုန်းက ယင်းပြဿနာရှိခဲ့ သည်ဟု ဖြေကြားခဲ့ကြောင်း၊ ပို့ကုန်အပိုင်းတွင် ကျဆင်းခဲ့သည့် ကုမ္ပဏီများသည် (၄၅) ရာခိုင်နှုန်း ရှိခဲ့ပြီး၊ သွင်းကုန်ကျဆင်းသည့် ကုမ္ပဏီ (၄၁) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယင်းစစ်တမ်းအရ ကုမ္ပဏီများ ၏ (၄၂) ရာခိုင်နှုန်းသည် လုပ်သားလျှော့ချရန်နှင့် (၃၇) ရာခိုင်နှုန်းက ပိတ်သိမ်းရန် စဉ်းစားနေကြ ကြောင်း ခရိုအေးရှား ကုန်သည်ကြီးများအသင်းက ပြောကြားခဲ့ပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကိန်းဂဏန်းများအရ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကျပ်အတည်းကြောင့် ထိခိုက်မှု အများဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍများကို လုပ်ခလစာထောက်ပံ့ပေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ခြင်းကို ဆိုင်းငံ့ထားခြင်းစသည့် ကင်းလွတ်ခွင့်များဖြင့် ဆောလျင်စွာ ကူညီပေးရန်လိုအပ်ကြောင်း ခရိုအေးရှား ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Luka Burilovic က ပြောကြားခဲ့ကြောင်း၊ လုပ်သားပြတ်လပ်မှုနှင့်ပတ်သက်၍ စစ်တမ်းပါကုမ္ပဏီများ၏ သုံးပုံနှစ်ပုံက ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ဖြေကြားထားပြီး၊ (၂၇) ရာခိုင်နှုန်းက နာမကျန်းခွင့်နှင့် သီးခြား နေထိုင်ရခြင်း(self-isolation) တို့ကြောင့် လုပ်သားပြဿနာရှိသည်ဟု ဖြေကြားထားကြောင်း သိရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအကျပ်အတည်းကြောင့် စီးပွားရေးပြဿနာများကို ဖြေရှင်းနိုင်ရေး ခရိုအေးရှားနိုင်ငံ အစိုးရကချမှတ်ထားသည့် အစီအမံများအပေါ် ကုမ္ပဏီလုပ်ငန်းများ၏ စိတ်ပါဝင်စားမှုကို အဆိုပါစစ်တမ်းက ကောက်ယူခဲ့ရာ ကုမ္ပဏီလုပ်ငန်း (၅၆) ရာခိုင်နှုန်းက ထည့်ဝင်ကြေးနှင့်အခွန်အခများရွှေ့ဆိုင်းထားခြင်းကို စိတ်ပါဝင်စားကြပြီး၊ (၅၀)

ရာခိုင်နှုန်းခန့်က အလုပ်အကိုင်ထိန်းသိမ်းထားရေးအကူအညီကို စိတ်ဝင်စားမှုရှိကြကြောင်း၊ ကုမ္ပဏီ (၃၅) ရာခိုင်နှုန်းသည် ငွေကြေးအထောက်အပံ့အတွက် ချေးငွေအသစ်များရရှိရေးကို စိတ်ဝင်စားကြပြီး၊ (၃၂) ရာခိုင်နှုန်းက လက်ရှိချေးငွေများ ပြန်လည်ပေးဆပ်ရန်ကာလဆိုင်းငံ့ထားခြင်းကို ကြိုဆိုခဲ့ကြကြောင်း၊ ခရိုအေးရှား နိုင်ငံအစိုးရမှချမှတ်ထားသည့် စီမံ ဆောင်ရွက်မှုများအပေါ် ကုမ္ပဏီများအနေဖြင့် စိတ်ပါဝင်စားမှု အများဆုံးကဏ္ဍများမှာ ကုန်ထုတ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လက်လီလုပ်ငန်းများ၊ သယ်ယူ ပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများဖြစ်ကြကြောင်း croatiaweek ၏ ၂၅-၃-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရသိရှိရပါသည်။

**Source: Croatiaweek**

**စီးပွားရေးသံမှူး-ဘာရပ်ဆဲလ်**

## လေကြောင်းပို့ဆောင်မှုများ ရပ်တန့်လိုက်သောကြောင့် သစ်သီးနှင့်ရေထွက်ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ (Covid-19) ကူးစက်ပျံ့နှံ့မှုကြောင့် လေကြောင်းလိုင်းဝန်ဆောင်မှုများ မမျှော်လင့်ဘဲ ရုတ်တရက် ယာယီရပ်တန့်လိုက်ရသောကြောင့် ဟောင်ကောင်ဒေသရှိ သွင်းကုန်လုပ်ငန်းရှင်များအတွက် အဆင်မပြေမှုများဖြစ်ပြီး သစ်သီး၊ ဟင်းသီးဟင်းရွက်နှင့် ရေထွက်ပစ္စည်းများဈေးနှုန်း မြင့်တက်လာကြောင်း၊ လတ်ဆတ်သည့် သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ အဓိကတင်ပို့နေသည့် ဂျပန်၊ ဥရောပနှင့် မြောက်အာဖရိကဒေသတို့နှင့် ခရီးသွား ဝန်ဆောင်မှုများ ရပ်နားထားသောကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနှင့်မေလအထိ လေကြောင်းလိုင်းများပြေးဆွဲရန်မှာ သေချာမှုမရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် သွားလာမှုများကန့်သတ်လိုက်သောကြောင့် သစ်သီးများ အဓိကတင်ပို့သည့် စပိန်၊ ဩစတြေးလျနှင့် မြောက်အာဖရိကဒေသတို့မှ သစ်သီးတင်ပို့မှုများ မတ်လအစောပို င်းမှ စတင်၍ ရပ်တန့်ခဲ့ကြောင်း၊ စပျစ်သီး၊ ဘလူးဘယ်ရီ၊ စတော်ဘယ်ရီနှင့်ဇီးသီးများကို ဩစတြေးလျ၊ အာဖရိက၊ ဥရောပနိုင်ငံများမှ ခရီးသည်တင် လေယာဉ်ဖြင့်သယ်ယူကြကြောင်း၊ ယခုအခါ လေကြောင်းလိုင်းဖြင့် ကုန်ပစ္စည်းများ သယ်ယူလိုပါက ကုန်ပစ္စည်းတင်သည့် လေယာဉ်များ အသုံးပြုရန်လိုအပ်ကြောင်း၊ မြောက်အာဖရိကမှ ဘယ်ရီသီးများ တင်ပို့ရာတွင် လန်ဒန်မှတစ်ဆင့် ဟောင်ကောင်သို့တင်ပို့ပြီး ကုန်သွယ်မှုတန်ဖိုး (၃၀) ရာခိုင်နှုန်းရှိ ကြောင်း၊ ဘယ်ရီသီးများ ဈေးနှုန်းအား လာမည့်အပတ်တွင် (၂၀) ရာခိုင်နှုန်း ဈေးတက်ရောင်း မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် ၂၀၁၈ ခုနှစ်တွင် ကုန်တန်ချိန် (၅) မီလီယံ သယ်ယူပို့ဆောင်ခဲ့ပြီး ရှန်ဟိုင်း၊ အင်ချွန်း၊ ဒူဘိုင်းလေဆိပ်တို့ထက် ပိုမို သယ်ယူပို့ဆောင်ခဲ့ပြီး ကမ္ဘာ့နံပါတ် (၁) လေဆိပ်ဖြစ်ခဲ့ကြောင်း၊ ခရီးသည်တင် လေကြောင်းလိုင်း (၉၅) ရာခိုင်နှုန်း ဖြစ်သည့် လေကြောင်းလိုင်း (၆၅) လိုင်းအား ရပ်တန့်မည်ဖြစ်ကြောင်း၊ Cathay Dragon နှင့် Cathay Pacific တို့မှ ဧပြီနှင့် မေလတို့တွင် (၉၆) ရာခိုင်နှုန်း ပိတ်မည်ဖြစ်ကြောင်း၊ ဂျပန်အစားအစာများ တင်သွင်းနေသည့်သူမှ ပြောကြားရာတွင် ဧပြီလမှာ သေချာမှုမရှိကြောင်း၊ ယခုအချိန်ထိ တိုကျိုနှင့်အိုဆာကာတို့မှ ကုန်ပစ္စည်းတင်လေကြောင်း ပြေးဆွဲမှုရှိနေသော်လည်း လာမည့်အပတ်တွင် လေကြောင်းပြေးဆွဲမှုများ လျော့ကျသွားနိုင်ကြောင်း၊ သို့ဖြစ်ရာ ရေထွက် ကုန်ပစ္စည်းများ၊ ပင်လယ်စာများ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ပုံမှန်တင်သွင်းနိုင်ရန် စိုးရိမ်လျှက်ရှိကြောင်း၊ လေကြောင်းလိုင်းများပြေးဆွဲမှု ကန့်သတ်လိုက်ခြင်းကြောင့် ကုန်ပစ္စည်းများသယ်ရန် သယ်ယူပို့ဆောင်ခစရိတ်များ မြင့်မားလာပြီး စားသုံးသူများမှ မြင့်မားသည့် ဈေးနှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း၊ သို့သော် ဂျပန်နိုင်ငံနှင့် ဟောင်ကောင်ဒေသမှာ သင်္ဘောဖြင့်သယ်ယူနိုင်သောကြောင့် စားသုံးသူများ အနေဖြင့် စိုးရိမ်စရာမလိုကြောင်း၊ ဟောင်ကောင် ဒေသသည် ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအတွက် အကြီးမားဆုံး ဈေးကွက်ဖြစ်ပြီး ဂျပန် စားသောက်ဆိုင်များလည်း အများအပြားရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စားသောက်ကုန်လုပ်ငန်းများအား ထိခိုက်လျှက်ရှိကြောင်း၊ ပင်လယ်ရေကြောင်းမှ သယ်ယူမှုတွင်လည်း သွင်းကုန်ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခ စရိတ်မှာ (၅) ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း၊ ဥရောပမှ ဝိုင်နှင့်အေးခဲအသားများအား လေယာဉ်ဖြင့် တင်သွင်းသူများအတွက် ကုန်ကျစရိတ်မှာ (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိသိသာစွာမြင့်တက်ခဲ့ကြောင်း၊ အဆိုပါ မြင့်တက်သည့် ကုန်ကျစရိတ်များအား တင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသောက်ဆိုင်များနှင့် စားသုံးသူများမှ မျှဝေ ကျခံ

ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းအမှာစာအတွက် ဝယ်ယူလိုသည့် ပမာဏအပြောက် အများအား ကြိုတင်ပေးပို့ထားသင့်ကြောင်း၊ ကမ္ဘာ့စားသောက်ကုန် တန်ဖိုးကွင်းဆက်ပြတ်တောက်ခဲ့လျှင် နိုင်ငံတကာသို့တင်ပို့မှုများ ထိခိုက်မည်ဖြစ်ကြောင်း၊ ဟောင်ကောင် ဒေသ၌ စားသောက်ကုန်၏ (၉၆) ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီးနှင့် ပြည်ပနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ရာ ကုန်ပစ္စည်းများ တင်ပို့သည့် အရင်းအမြစ်များနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို သေချာဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ ၌ Denise Tsang က “ Fruit, seafood prices to rise amid air cargo cuts” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-ဟောင်ကောင်**

## STOCK EXCHANGE (31.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Mar. 2020

**Stock trading**


| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 1,179 | 11,790,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,450 | 2,309 | 7,989,100 | 38,929,150 | 136,252 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 256 | 5,376,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,600 | 2,700 | 2,600 | 414 | 1,078,500 | 12,823,224 | 34,623 |

Activate Windows

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.19 | +0.94 | +0.22% | 418.25 | 419.19 | 417.30 | 4,158 | 26,233,600 | 5 | 574,003 |

**Index chart**



# Market Overview

As of 1:00 pm, 31st Mar. 2020

| | |
|---|---|
| MYANPIX | 419.19<br>▲ 0.94 |
| Total Volume (shares) | 4,158 |
| Total Value (MMK) | 26 mil |
| Listed Company | 5 |
| Market Cap. (MMK) | 574,003 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |

TIR